ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**

ဖုန်း-၀၆၇-၈၁၀၄၂၇၈ ဖက်(စ်)-၀၆၇-၈၁၀၄၂၇၉

စာအမှတ် ၊ ၁၅၉၆/လစထလ/ပဖတ/(ခ)၂၁/၂၀၁၇
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ရက်

အကြောင်းအရာ။ **ပြည့်ဖြိုးမြဲစွမ်းအင်နှင့်ရေအားစက်ရုံများဌာနအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါတွင် တင်ပြရမည့်အချက်အလက်များနှင့် စည်းကမ်းချက်များ**

၁။ အထက် အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အိတ်ဖွင့်တင်ဒါခေါ်ယူဝယ်ယူမည့်ပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရာတွင် အောက်ဖော်ပြပါ အထောက်အထား အချက်အလက်များ ပေးပို့ရမည် ဖြစ်ပါသည်-

**(က) နည်းပညာပိုင်းဆိုင်ရာအချက်အလက်များ(စာအိတ်-က) တင်သွင်းရာတွင် လိုက်နာရမည့် စည်းကမ်းများ-**

(၁) နိုင်ငံတော်သမ္မတရုံး၏ (၁၀.၄.၂၀၁၇)ရက်စွဲဖြင့် ထုတ်ပြန်သည့် ညွှန်ကြားချက် အမှတ်(၁/၂၀၁၇)အရ ဆောင်ရွက် သွားမည်။ သို့ပါ၍ လိုအပ်သော အထောက်အထား ၊ သက်သေခံလက်မှတ်စသည်တို့အား ပြည့်စုံစွာတင်သွင်းပေးရန်အသိပေးပါသည်။

(၂) Specification အား စိစစ်နိုင်ရန်အတွက် အောက်ပါအတိုင်း တင်သွင်းရန်-

(ကက) ကုမ္ပဏီမှ တင်သွင်းမည့် ပစ္စည်း အမျိုးအစားအား ဌာနမှ စိစစ်နိုင်ရန် ခိုင်မာသည့်အထောက်အထားများဖြစ်သော Catalogue (သို့) Technical Data Sheet များ ( ၅ ) အုပ်/စုံ တင်ပြရန်။ ( Soft Copy( ၁ ) စုံ အား CD ဖြင့် ထည့်သွင်း ပေးရမည်။)

( ခ ခ ) Specification (စံချိန်စံညွှန်း) စာအိတ်အား ချိတ်ပိတ်၍ တင်ပြရန်။

( ဂ ဂ ) စံချိန်စံညွှန်းစိစစ်ရေးကော်မတီမှ စိစစ်ခြင်းကိစ္စရပ်လွယ်ကူလျှင်မြန်စေရန် တင်ဒါပုံစံတွင် ပါရှိသော Specification အတိုင်း ပြည့်စုံစွာ တင်ပြသွားရန်နှင့် တင်ဒါတင်သွင်းသော ကုမ္ပဏီမှ တင်ပြလာသည့် Specification များအား ပြည့်စုံမှု မရှိပါက ရွေးချယ်ခြင်းပြုမည်မဟုတ်ပါ။

(ဃဃ) စံချိန်စံညွှန်းအောင်မြင်သည့် ကုမ္ပဏီအား ဈေးနှုန်းဖွင့်ဖောက်ကြော်ငြာအစည်းအဝေးကို တက်ရောက်ရန် အကြောင်းကြားမည်ဖြစ်သည်။

(ငင) တင်သွင်းမည့် ပစ္စည်းများအတွက် Country of Origin , Country of Manufacture နှင့် လိုအပ်ပါက Port of Shipment အား တင်ပြရန်။

(စစ) တင်ဒါပုံစံဝယ်ယူခြင်း ၊ ဈေးနှုန်းလွှာကိစ္စစုံစမ်းခြင်းတို့ကို တင်ဒါပိတ်ရက်မတိုင်မီ ရုံးဖွင့်ရက်များ၌ နေ့စဉ်နံနက် (၀၉:၃၀) မှ(၁၆:၃၀) နာရီထိ ဘဏ္ဍာရေးဌာနတွင် သတ်မှတ်တင်ဒါကြေးငွေပေးသွင်းပြီး ပစ္စည်းဖြည့်တင်းရေးဌာနတွင် တင်ဒါဖောင်ထုတ်ယူရန် ၊ Technical မရှင်းလင်းပါက ဖုန်း-၀၆၇-၈၁၀၄၂၈၀ (အပူစွမ်းအင်သုံးစက်ရုံများဌာန) တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

(၃) ပေးသွင်းရမည့် ပစ္စည်း၏အသေးစိတ်အချက်အလက်များ (Detail Specifications)သည် ဈေးနှုန်းလွှာခေါ်ယူစဉ်က "EPGE Specification တွင် range သတ်မှတ်ဖော်ပြပေးထားသော်လည်း ကုမ္ပဏီမှပြန်လည်တင်ပြလာသော Specification တွင် range နှင့် မဖော်ပြဘဲ တိကျသောကိန်းဂဏန်းတစ်ခုဖြင့်သာ ဖော်ပြပေးရန်နှင့် range နှင့် ဖော်ပြထားသော Specification များအား ဌာနမှ ထည့်သွင်းစဉ်းစားပေးမည် မဟုတ်ပါ။"

(၄) ပစ္စည်းမှန်ကန်မှု ၊ အရည်အသွေးကောင်းမွန်မှု ၊ ပစ္စည်းအသစ်ဖြစ်ကြောင်းအတွက် ပစ္စည်းထုတ်လုပ်သည့် စက်ရုံ/ကုမ္ပဏီ၏ အာမခံအထောက်အထားများ တင်ပြပါရှိရမည်။ **Dealer ဖြစ်ကြောင်း အထောက်အထားတင်ပြရန်။**

(ခ) ငွေကြေးပိုင်းဆိုင်ရာ အချက်အလက်များ ( စာအိတ်-ခ ) တင်သွင်းရာတွင် လိုက်နာရမည့် စည်းကမ်းများတွင် -

(၁) ပစ္စည်းပေးသွင်းမည့်သူသည် ဈေးနှုန်းတောင်းခံလွှာ ပုံစံပါ အချက်အလက်များကို ဖြည့်စွက်လက်မှတ်ရေးထိုးလျက် ချိပ်ပိတ်စာအိတ်တွင်ထည့်၍ စာအိတ်ပေါ်တွင်ဈေးနှုန်းတင်သွင်းလွှာအမှတ် ၊ ရက်စွဲ ၊ ပေးပို့ ကုမ္ပဏီစသည်တို့ကို ပြည့်စုံစွာဖော်ပြပြီး တင်ဒါခေါ်ယူရေးကော်မတီ ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ၊ ရုံးအမှတ် (၂၇) ၊ နေပြည်တော် ဖုန်းနံပါတ်(၀၆၇) ၈၁၀၄၂၇၈ နှင့် ၈၁၀၄၂၇၉ သို့ လိပ်မူ၍ ပေးပို့ရမည်။

(၂) ဈေးနှုန်းလွှာတွင် ဌာနမှ သတ်မှတ်ပေးထားသော Bid Form အတိုင်း ပြည့်စုံစွာ ဖြည့်စွက်တင်ပြရန်နှင့် ကုမ္ပဏီတံဆိပ် ရိုက်နှိပ်တင်ပြရန်။

(၃) ခေါ်ယူသော တင်ဒါများ အတွက် တင်ဒါအာမခံ (Bid Security) အဖြစ်တင်သွင်းမည့် ပစ္စည်းတန်ဖိုး၏ စုစုပေါင်း ၁% အား ကျပ်ငွေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ် ပြုထား သည့် ဘဏ်တခုခုမှ ထုတ်ပေးသော PO Cheque မူရင်းဖြင့် ဘဏ္ဍာရေးဌာနသို့ ပေးသွင်းရမည်။ သက်တမ်းမှာ ဈေးနှုန်း တည်မြဲမှုကာလကုန်ဆုံးသည့်နောက် (၂၈)ရက် အထိ ဖြစ်ရပါမည်။ PO Cheque ကို ဘဏ္ဍာရေးဌာန (EPGE)မှ လွဲ၍ အခြား မည်သည့် ဌာနမှ ပေးသွင်းခြင်း မပြုရပါ။

(၄) ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသို့ လိပ်မူထားသည့် PO Chaque ၊ ဈေးနှုန်းစာအိတ် နှင့် စံချိန်စံညွှန်းစာအိတ် တို့ကို တင်ဒါ ပိတ်ရက်ဖြစ်သော (၃.၁၀.၂၀၁၇) ရက်နေ့(၁၅:၀၀)နာရီတိတိတွင် တင်ဒါခေါ်ယူရေး ကော်မတီမှစိစစ်လက်ခံမည်။သတ်မှတ်ချိန်ထက် နောက်ကျပေးသွင်းလာသည့် ကုမ္ပဏီအား လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

(၅) တင်ဒါရွေးချယ်ခြင်းပြီးစီးပါက တင်ဒါရွေးချယ်ခြင်း မခံရသော ကုမ္ပဏီများ၏ ပစ္စည်းဈေးနှုန်း အာမခံစပေါ်ငွေအား(၁)ပတ် အတွင်း ဘဏ္ဍာရေးဌာနမှ ပြန်လည်ထုတ်ပေးမည်။

(၆) နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်(၁/၂၀၁၇)အပိုဒ်(၃၇)အရလုပ်ငန်းအာမခံကြေးတင်သွင်းပြီးမှသာ စာချုပ်ချုပ်ဆိုရမည်

ဖြစ်ပြီး တင်ဒါအောင်မြင်သူ ပေးသွင်းထားသော တင်ဒါအာမခံကြေးအား ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။ လုပ်ငန်းအာမခံကြေးသည် စာချုပ်တန်ဖိုး၏ (၁၀)ရာခိုင်နှုန်း ဖြစ်သည်ဟု ညွှန်ကြားချက် အရ တင်ဒါ အောင်မြင်သူသည် တင်ဒါ အောင်မြင်ကြောင်း အကြောင်းကြားပြီး(၁၄)ရက်အတွင်း လုပ်ငန်း အာမခံစပေါ်(Performance Guarantee)အဖြစ် စာချုပ်တန်ဖိုး၏(၁၀%) (တစ်ဆယ်ရာခိုင်နှုန်း) အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ပြည်တွင်းဘဏ်တစ်ခုခုမှ ထုတ်ပေးသော PO Cheque မူရင်းဖြင့် (EPGE) ဘဏ္ဍာရေးဌာနသို့ ပေးသွင်းရမည် ဖြစ်ပါသည်။

(၇) တင်ဒါအောင်မြင်ကြောင်းအကြောင်းကြားစာ လက်ခံရရှိသည့် နေ့မှစ၍ (၁၄)ရက်အတွင်း လုပ်ငန်းပြီးမြောက်မှု အာမခံစပေါ်ငွေ Performance Bank Guarantee တင်ပြနိုင်ခြင်း မရှိပါက တစ်ရက်လျှင် စာချုပ်ချုပ်ဆိုမည့် စုစုပေါင်း တန်ဖိုး ၏ ၁% အား ဒဏ်ကြေး အဖြစ် ပေးသွင်းရမည်။ ရက်ပေါင်း(၃၀)အတွင်းပေးသွင်းနိုင်ခြင်းမရှိပါက စာချုပ်ချုပ်ဆိုခြင်းကို ပယ်ဖျက်ပြီး တင်ဒါအာမခံစပေါ်ငွေအား ဌာနမှသိမ်းယူ၍ ဒုတိယဈေးနှုန်း အနည်းဆုံးတင်ပြသူနှင့် စာချုပ်ချုပ်ဆိုရေး ဆက်လက်ဆောင်ရွက်သွားမည်။

(၈) ဈေးနှုန်း တွက်ချက် တင်သွင်းရာတွင် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခအားလုံး တစ်ပါတည်း တွက်ချက်တင်ပြသွားရမည်။

(၉) ကုမ္ပဏီအနေဖြင့် ၅% ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ပြီးကြောင်း အထောက်အထားတင်ပြမှသာ Withholding Tax(2%) ကို ဌာနမှ ဖြတ်တောက်၍ ငွေပေးချေခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။ အခွန်အခနှင့်ပတ်သက်၍ နိုင်ငံတော်မှထုတ်ပြန်သည် ပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလတွင် ပြဌာန်းထားသည့် တည်ဆဲဥပဒေ ၊ နည်းဥပဒေများအတိုင်း လိုက်နာရမည်။

(၁၀) ပစ္စည်းတန်ဖိုး တောင်းခံသည့် အချိန်တွင် နိုင်ငံတော်မှ ထုတ်ပြန်သည် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များရှိပါက တည်ဆဲဥပဒေအတိုင်း အခွန်အခများ ပေးသွင်းရန်သဘောတူညီ ရမည်။

(၁၁) ပစ္စည်းပေးသွင်းနိုင်မည့် အချိန်ကာလ Delivery Period အား တိကျစွာဖော်ပြပေးရမည်။ **ပစ္စည်းပေးသွင်းမည့် ကာလမှာ အများဆုံး 3.5 Months အတွင်းတင်သွင်းသူကိုသာ စဉ်းစားမည်ဖြစ်ပြီး 3.5 Months ကျော်လွန်ပါ က ဌာနအနေဖြင့် လက်ခံစဉ်းစားမည် မဟုတ်ပါ ။**

(၁၂) ငွေပေးချေရမည့် ကုမ္ပဏီသည် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) တွင် စာရင်းဖွင့်လှစ်ထားသော ဘဏ်ငွေစာရင်းအမှတ်ကို ဈေးနှုန်းလွှာ တွင်ဖော်ပြရမည်။

(၁၃) တင်သွင်းလာသည့် ဈေးနှုန်းများကို တင်ဒါသွင်းသည့် ကုမ္ပဏီ ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ကြေငြာမည်ဖြစ်ပြီး အိတ်ဖွင့် တင်ဒါစနစ်ကို ကျင့်သုံးဆောင်ရွက်မည်ဖြစ်သည်။

(၁၃) Bidding Document ပါအချက်များ အတိုင်း Contract တိတိ ကျကျ ချုပ်ဆိုမည်။

(၁၄) ပစ္စည်းများ ပေးသွင်းသည့်အခါ Contract ပါအတိုင်း ပေးသွင်း စေခြင်း ၊ (Technical Parameter ၊ Brand နှင့် Country of Orign ပြောင်းခြင်း ၊ ပစ္စည်းအမျိုးအစားနှင့် အရေအတွက် ပြောင်းခြင်း စသည်တို့ပြုလုပ်ခြင်းအား **လုံး၀ (လုံး၀) မပြုလုပ်ရ)**

(၁၅) Delivery Schedule ပြောင်းလဲခြင်းအား **ခွင့်မပြုပါ ။**

(၁၆) Completion Date အား စာချုပ် သတ်မှတ်ထားသည့် အတိုင်း အကြောင်းပြချက် ခိုင်လုံမှုမရှိဘဲ **သက်တမ်းတိုးမြှင့်ခြင်း မပြုရန်၊**

**( ဂ ) ကုမ္ပဏီ Profile နှင့် ပတ်သက်၍ ပါဝင်ရမည့်အချက်အလက်များ-**

(၁) သက်တမ်းရှိသည့် ကုမ္ပဏီမှတ်ပုံတင်

(၂) ထုတ်ကုန် ၊ သွင်းကုန်လိုင်စင်

(၃) Form 6 & 26

(၄) Form E

(၅) UMFCCI (ကုန်သည်ကြီးများ အသင်းဝင်လက်မှတ်)

(၆) ကုမ္ပဏီပိုင်ရှင်မှတ်ပုံတင်

(၇) Company Profile (Including Audited Financial Statement)

(၈) ဆက်သွယ်ဆောင်ရွက်လျက်ရှိသော နိုင်ငံရပ်ခြားကုမ္ပဏီလိပ်စာ

(၉) Address of .................. Co.,Ltd

(၁၀) တင်ဒါ တင်သွင်းသူ၏ အတွေ့အကြုံ / တခြား ဝန်ကြီး ဌာနများ နှင့် ဆက်သွယ် ဆောင်ရွက်မှုမှတ်တမ်း

(၁၁) Dealer ဖြစ်ကြောင်း အထောက်အထား (Dealer Certificate) တင်ပြ ရန်။

(၁၂) နိုင်ငံတော်မှ သတ်မှတ်ထားသော အခွန်များအား ကုမ္ပဏီမှ ပေးဆောင်ပြီးကြောင်း အထောက်အထား (Tax Record)

(၁၃) နိုင်ငံခြားကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံအတွင်း၌ တရားဝင်ကုမ္ပဏီ အဖြစ် မှတ်ပုံတင်ခြင်း ( သို့ ) ပြည်တွင်းကုမ္ပဏီနှင့်မိတ်ဘက်ကုမ္ပဏီ (Joint Venture)ဖွဲ့စည်း၍ ဆောင်ရွက်ရပါမည်။

(၁၄) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အသိအမှတ်ပြုထားသည့် လက်ရှိ ကုမ္ပဏီ၏ အဆင့်အတန်း

(၁၅) ကုမ္ပဏီ Profile အထောက်အထား မိတ္တူ(၂)စုံပေးပို့ရန်၊

၂။ သို့ဖြစ်ပါ၍ စာအိတ်(က) ၊ (ခ) နှင့် ကုမ္ပဏီ Profile အထောက်အထားတို့ကို **(၃.၁၀ .၂၀၁၇)** ရက်နေ့ **(၁၅:၀၀)**နာရီတွင် တင်ဒါစိစစ်ရေးကော်မတီ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ စိစစ်လက်ခံမည်။

ဥက္ကဋ္ဌ ( )
တင်ဒါကော်မတီ

အုပ်ချုပ်မှုဒါရိုက်တာ..............................

..........................................

မိတ္တူကို-ရုံးလက်ခံ/မျှောစာတွဲ

ကုမ္ပဏီ
တံဆိပ်တုံး

# ကုမ္ပဏီ Letter Head

ရက်စွဲ ၊ . .၂၀၁၇

| | | |
|---|---|---|
| ၁။ | လုပ်ငန်းအမည် | ၊ ------------------------------------------ |
| ၂။ | ကုမ္ပဏီအမည် | ၊ ------------------------------------------ |
| ၃။ | ဌာနတွင် မှတ်ပုံတင် ထားရှိမှု ရှိ/မရှိ | ၊ ------------------------------------------ |
| ၄။ | ဆက်သွယ်ရန် ဖုန်းအမှတ် | ၊ ------------------------------------------ |
| ၅။ | ဆက်သွယ်ရန် (Fax) ဖုန်းအမှတ် | ၊ ------------------------------------------ |
| ၆။ | စံချိန်စံညွှန်းနှင့်စျေးနှုန်းကိစ္စအတွက် ဆက်သွယ်ဆောင်ရွက်ရမည့် လူပုဂ္ဂိုလ်အမည်များ | ၊------------------------------------------ |
| ၇။ | တင်ဒါအတွက် သွင်းကုန်လုပ်ငန်း လိုင်စင် ရှိ/မရှိ | ၊ ------------------------------------------ |
| ၈။ | မြန်မာ့စီးပွားရေးဘဏ်တွင် ကုမ္ပဏီအမည်ဖြင့် ဖွင့်လှစ်ထားသည့် ဘဏ်ငွေစာရင်းအမှတ်(နိုင်ငံခြားငွေဖြစ်ပါက ပြည်ပဘဏ်ငွေစာရင်းအမှတ်) | ၊ ------------------------------------------ |

ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။

လက်မှတ် ၊ ---------------------------

အုပ်ချုပ်မှုဒါရိုက်တာအမည် ၊ ---------------------------

မှတ်ပုံတင်အမှတ် ၊ ---------------------------

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**

ပစ္စည်းဖြည့်တင်းရေးဌာန

စာအမှတ်၊ ၁၅၉၉ /လစထလ/ပဖတ/(ခ)၂၁/၂၀၁၇

ရက်စွဲ ၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၈ ရက်

အကြောင်းအရာ။ **တင်ဒါပါစည်းမျဉ်းစည်းကမ်းချက်များအား သိရှိနားလည်၍ သဘောတူညီမှုရှိကြောင်း ဝန်ခံကတိပြုလုပ်ပေးပါရန် ကိစ္စ**

ရည်ညွှန်းချက် ။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၏ (၁၈.၉.၂၀၁၇ ) ရက်စွဲပါ တင်ဒါ အမှတ်- 23 /EPGE/2017-2018

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း လက်အောက်ရှိ ဓာတ်အားပေးစက်ရုံများအတွက် လိုအပ်သော ပစ္စည်းများအား ရည်ညွှန်းချက်ပါ တင်ဒါဖြင့် ခေါ်ယူခဲ့ပါသည်။ တင်ဒါပါစည်းမျဉ်းစည်းကမ်းများအတိုင်း တင်ဒါလက်ခံခြင်း၊ စိစစ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ တင်ဒါဝင်ရောက်ယှဉ်ပြိုင်သည့် ကုမ္ပဏီများအနေဖြင့် တင်ဒါပါစည်းမျဉ်း ၊ စည်းကမ်းများအား သိရှိနားလည်ရန် လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ တင်ဒါစည်းကမ်းချက်များအား ဖတ်ရှုနားလည် သဘောပေါက်ကြောင်း ဝန်ခံကတိပြု၍ တင်ဒါတင်သည့် အချိန် Profile တွင် ထည့်သွင်း တင်ပြပေးရမည်ဖြစ်သည်။ ဝန်ခံကတိမပါရှိသော ကုမ္ပဏီအား ထည့်သွင်းစဉ်းစားပေးမည် မဟုတ်ကြောင်း အသိပေး အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ( [illegible] )

တင်ဒါကော်မတီ

အုပ်ချုပ်မှုဒါရိုက်တာ

.....................................................................

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ

ကုမ္ပဏီ

တံဆိပ်တုံး

# ကုမ္ပဏီ Letter Head

ရက်စွဲ ၊ . .၂၀၁၇

အကြောင်းအရာ။ **တင်ဒါစည်းမျဉ်းစည်းကမ်းပါ အချက်များအား သိရှိနားလည်၍ သဘောတူညီကြောင်း ဝန်ခံကတိပြုခြင်း**

ရည်ညွှန်းချက် ။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၏ ( . .၂၀၁၇) ရက်စွဲပါ တင်ဒါအမှတ် - / EPGE / 2017-2018

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ခေါ်ယူခဲ့သော တင်ဒါအမှတ်- / EPGE / 2017-2018 အား ကျွန်တော်/ကျွန်မများ ကုမ္ပဏီမှ ဝယ်ယူခဲ့ပြီး တင်ဒါပါ စည်းမျဉ်းစည်းကမ်းများအားလည်း သေချာစွာ ဖတ်ရှုခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ တင်ဒါပါ စည်းမျဉ်းစည်းကမ်းများအား သိရှိနားလည်ပါသဖြင့် တင်ဒါစည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်ရန် သဘောတူညီကြောင်း ဝန်ခံကတိပြုပါသည်။

.................................................................

( Signature of Bidder )

THE REPUBLIC OF THE UNION OF MYANMAR

MINISTRY OF ELECTRICITY AND ENERGY

**ELECTRIC POWER GENERATION ENTERPRISE**

OFFICE BUILDING NO.(27) , NAYPYI TAW

Letter No. 1596 /EPGE/2017-2018

Date . 18 , September , 2017

Tender Quotation No- 23 / EPGE / 2017-2018

To

-------------------------

-------------------------

-------------------------

Firm quotations are invited with Cash Price basis for the supply and delivery of the following stores, enumerated in Annexure-A . So as to reach the Managing Director , Electric Power Generation Enterprise, Nay Pyi Taw ( Fax No . 067- 8104279 , 8104278) on or before 3 , October , 2017 (15:00) hour.

Particulars of Stores

| Sr. No | Particulars | Unit | Qty | Unit Price (Kyats)(DDP) (At Site) | Cost (Kyats) (DDP) (At Site) | Remarks |
|---|---|---|---|---|---|---|
| 1 | New Module Device (SDZ-800) (ခေါင်း ၊ ကွန်းချောင်း) | Sets | 2 | | | |
| | **Total Amount ( Kyats )** | | | | | |

1.Quotation should specify in United State of Myanmar Local Currency(Kyats) on DDP (At Site ) per unit price.

2. Price quoted must be firm and remain valid for at least (90) days from the closing date.

3. The possible delivery date should be mentioned.

4. The "Quotation Number" and Date should be clearly marked in the "BID FORM" attached.

5. Detail specifications of each type offered should be submitted with the quotation.

6. Each envelope separately contained the Price and technical specifications should be clearly marked on top with Quotation Number and Closing Date and should be properly sealed. No reply will be made regarding quotations not accepted.

7. The "Manufacturer Brand" and" Country of Origin" should be mentioned clearly.

8. When quotation is accepted, Contract will be made between the successful bidder and the Managing Director, Electric Power Generation Enterprise, Nay Pyi Taw.
9. The bidder shall be furnish an irrevocable and unconditional bid bond Guarantee Cheque in the sum being 1% of total proposal amount.
10. The Technical Specifications for Stores ordered are shown in **Annexure A.**

Electric Power Generation Enterprise

ကုမ္ပဏီ
တံဆိပ်တုံး

ကုမ္ပဏီ Letter Head

## BID FORM

Quotation No- 23 / EPGE/2017-2018 Bidder's Ref __ ___________

To

Managing Director ,
Electric Power Generation Enterprise
Office Building (27), Nay Pyi Taw.
(Fax 067-8104279 , 8104278)

We here by undertake to supply on the terms of your above quotation , the article detailed below to the order of the New Module Device (SDZ-800) of the Firm Order / Contract for the supply of Stores.

Particulars of Stores

| Sr. No | Particulars | Unit | Qty | Unit Price (Kyats)(DDP) (At Site) | Cost (Kyats) (DDP) (At Site) | Remarks |
|---|---|---|---|---|---|---|
| 1 | New Module Device (SDZ-800) (ခပေါင်း ၊ ကွန်းချောင်း) | Sets | 2 | | | |
| | **Total Amount ( Kyats )** | | | | | |

1.Grand Total Value (Kyats)(in Figure)

(in Words) ----------------------------------------

2. Price Validity Period ----------------------------------------

3. Brand ----------------------------------------

4. Manufacturer ----------------------------------------

5. Type ----------------------------------------

6. Country of Origin ----------------------------------------

7. Delivery Period ----------------------------------------

8. Guarantee Period ----------------------------------------

-- ----------

(Signature of Bidder)

## Specification of New Module Device (SDZ 800)

| No. | | Description | Unit | EPGE Specification |
|---|---|---|---|---|
| 1 | New Module Device (SDZ 800) | | | |
| | 1 | Type | - | SDZ 800 MEASURE AND CONTROL DEVICE |
| | 2 | MANUFACTURE | - | AC GUODIAN NANJING AUTOMATION CO., LTD. |
| | 3 | Country of Origin | - | China |
| | 4 | Input | | DC 220 V |
| | 5 | Output | | DC 24V/5V |

# *New Module Device (SDZ 800)* ၏ *Specification* မှတ်တမ်းဓာတ်ပုံ

Product Type - SDZ 800 MEASURE AND CONTROL DEVICE
Input DC220V,
Output DC 24V/5V.

Manufacturer - $AC GUODIAN NANJING AUTOMATION CO.,LTD.
CHINA.

# SDZ 210 Device အား အစားထိုး တပ်ဆင် အသုံးပြုရန် သင့်လျော်သည့် New Module Device ( SDZ 800 ) ၏ မှတ်တမ်းဓာတ်ပုံ




